## Highlights from DVB Debate's Child's Fate Show

## July 29, 2017

## "Who are stealing our children?"

"၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အရ မကွေးတိုင်းမှာ ၅နှစ်အောက် ကလေးသေနှုန်း အမြင့်မားဆုံး ဆိုတာ ဖြစ်နေတာ သိရတော့ ဒါတွေကို နိမ့်ကျအောင် လုပ်ရမယ့် တာဝန်ရှိလို့ အာဟာရ ဆိုင်ရာ ပညာပေးတွေ ကျန်းမာရေး ဝန်ထမ်းတွေနဲ့ လုပ်နေတာ ရှိသလို ဆေးအခမဲ့ တိုက်ကျွေးတာတွေ လုပ်နေတာ အခုထိ လုပ်နေဆဲဖြစ်ပါတယ်"

ဦးနေမျိုးကျော် - အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ကြီး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့

---

"မြို့က ကလေးတွေမှာလည်း.. လူလတ်တန်းစားတွေ..ချမ်းသာတဲ့ ကလေးမျိုးမှ နေစရာ ပြည့်စုံတယ် ကျောင်းတက်ဖို့ မပူရဘူး။ လူလတ်တန်းစားအဆင့် မရှိတဲ့ အနေအထားမှာတော့ မလွယ်ဘူး ကျောင်းတက်တဲ့ ကလေးတွေ ကျူရှင်ကနေ ကျောင်းပြေးရတယ်.။ ရွာတွေကကလေးမှာတော့ ကျူရှင်ရှိပေမယ့် နည်းပါးတယ်။ မြို့က ကလေးတွေထက်စာရင် အနားယူခွင့်ရတယ်"

ဦးနေဝင်းကို - ဒါရိုက်တာ(Social Care Volunteer Group)

"ကျမကတော့ ဆရာ့အမြင်နဲ့ ကွဲပြားပါတယ် အလုပ်လုပ်တဲ့ ကလေးဦးရေက ကျေးလက်ဒေသမှာ ပိုများပါတယ်။ ကလေးတွေက အကုန်လုံး မိဘကိုကူပြီးမှ ကျောင်းတက်ရတဲ့ အနေအထားရှိတယ်။ မိဘကို ပိုက်ဆံရအောင် ကူနေရတာ၊ မြို့ပြမှာလို အိမ်မှုကိစ္စ ကူနေရတာအပြင်ကိုလေ။ ဥပမာ ဧရာဝတီတိုင်းမှာ ကလေးတွေက ငါး ဖမ်းရတယ် မိဘတွေနဲ့ လှေလိုက်ဆွဲ ရတယ် ပြီးမှ ကျောင်းသွားရ တာတွေ ရှိတယ်။"

ဒေါ်နှင်းဝတ်ရည် - သုတေသနနှင့် စစ်တမ်းအရာရှိ (ကလေးလုပ်သား ပပျောက်ရေးစီမံကိန်း - အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့

---

"မြေပြန့်ကရောက်လာတဲ့ ကလေးတွေက အလယ်တန်း၊ အထက်တန်း တက်နိုင်ဖို့ ဘာကကျောင်း ရောက်လာတယ်။ နယ်စပ်ကကျတော့ နိုင်ငံရေးအရ.. ဆရာ မရှိ ကျောင်း မရှိလို့ ရောက်လာတယ်။ ပညာရေးရအောင် ဖောင်တော်ဦး ရောက်လာတဲ့ ကလေးတွေပေါ့။ စစ်မှန်တဲ့ ပညာရေး ရ မထားတဲ့ မိဘတွေက ကလေးတွေကို သေချာလမ်းမပြပေးနိုင်ဘဲ ကလေးတွေအနာဂတ်ကို ခိုးသွားနိုင်တယ်။"

ဒေါ်နန်းမြင့်စိုး - ဆရာမ(ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း)

---

"ကျနော်တို့ တောသူတောင်သားတွေ ဆိုတာ ၅ တန်း ၆ တန်းဆို နမ်းရိုက် နမ်းခါရတဲ့ ကလေးတွေရှိတယ်"

ဦးဇော်မင်းထိုက် - ကြာကန်ရွာသား

---

"အနာဂတ်ရင်သွေးတွေဟာ ပိုက်ဆံမရှိလို့ ကျောင်းထွက်ရတဲ့ ကလေးတွေ ရှိတယ်။ မကွေးမှာဆို လမ်းတွေ အများကြီး ကောင်းလာတယ် အဲအတွက်လည်း ဂမ်းသာတယ်။ ဒါပေမယ့် ကလေးလေးတွေ အတွက် ပိုက်ဆံမရှိလည်း ဆေးကုနိုင်စေချင်တယ် အဲအတွက် ဘာလုပ်ပေးမလဲ။"

ဒေါ်အေးသူချို - ကထိက၊ မကွေးတက္ကသိုလ်

"သူတို့အနာဂတ်အတွက်ဆိုရင် ကလေးတွေရဲ့ ရှင်သန်ခွင့် အရေးကြီးတယ်။ တင်ဒါပိုလျှံငွေ ကျပ်သန်း ၅၀၀ နဲ့ ကလေးတွေအတွက် အာဟာရဆိုင်ရာ ကိစ္စတွေ ကျနော်တို့ လုပ်ပေးခဲ့တယ်။ ဆရာမ တင်ပြသလို လုပ်ပေးပါဆိုလည်း ဒီကပြန်တာနဲ့ တင်ပြပြီး လုပ်ပေးပါမယ်။"

ဦးနေမျိုးကျော် - အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ကြီး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့

---